**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

အမိန့်ကြော်ငြာစာအမှတ်၊ ၅၃ / ၂၀၂၀

၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၇ ရက်

( ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၃၀ ရက် )

**Coronavirus Disease 2019(COVID-19) ထိန်းချုပ်ရေးနှင့်**

**အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဖွဲ့စည်းခြင်း**

၁။ “ **Coronavirus Disease 2019(COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ** ” ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယသမ္မတ ( ၁ ) | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ပြည်ထောင်စုဝန်ကြီး<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ<br>ချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)<br>ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) | အဖွဲ့ဝင် |

(ဈ) ပြည်ထောင်စုဝန်ကြီး အတွင်းရေးမှူး (၁)
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

(ည) ပြည်ထောင်စုဝန်ကြီး အတွင်းရေးမှူး (၂)
ပြည်ထဲရေးဝန်ကြီးဌာန

၂။ “ Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီ” ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မြန်မာနိုင်ငံတွင် စတင်ဖြစ်ပွားနေသည့် COVID-19 ရောဂါပိုးကူးစက်နေသူများနှင့် အနီးကပ်ထိတွေ့သူများအားလုံးကို ရောဂါလက္ခဏာပြသသည်အထိ စောင့်ဆိုင်းခြင်း မပြုဘဲ စုံစမ်းရှာဖွေဖော်ထုတ်၍ အမြန်ဆုံးစစ်ဆေးနိုင်ရေး၊ Quarantine လုပ်နိုင်ရေး ဆောင်ရွက်ရန်၊

(ခ) ထိုင်းနိုင်ငံနှင့် ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသူများအား နေပြည်တော် ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များနှင့်ပူးပေါင်း၍ စနစ်တကျ Quarantine လုပ်နိုင်ရေး ဆောင်ရွက်ရာတွင် COVID-19 ရောဂါပိုးကူးစက်သူများ တွေ့ရှိရပါက ယင်းတို့နှင့် အနီးကပ်ထိတွေ့ခဲ့သူများအား စုံစမ်းရှာဖွေဖော်ထုတ်၍ စနစ်တကျ Quarantine လုပ်နိုင်ရေး ဆောင်ရွက်ရန်၊

(ဂ) ဒေသတစ်ခုတွင်လည်းကောင်း၊ ဒေသတစ်ခုထက်ပို၍လည်းကောင်း ကူးစက်ပြန့်ပွားမှု ဖြစ်ပွားလာခဲ့ပါက ယင်းဒေသရှိ ပြည်သူများကို “ COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ ” ၏ လမ်းညွှန်မှုဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများနှင့် ညှိနှိုင်း၍အောက်ပါတို့ကို ဆောင်ရွက်ရန် -

(၁) Community Quarantine ပြုလုပ်ရန် လိုအပ်လာပါက တင်းတင်းကျပ်ကျပ် ထိန်းချုပ်ဆောင်ရွက်ရန်၊ ထိုသို့ဆောင်ရွက်ရာတွင် လိုအပ်သည့် စားနပ်ရိက္ခာ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ စိတ်ဓါတ်ရေးရာမြှင့်တင်ပေးမှုစသည့် လုပ်ငန်းစဉ် များကို ဆောင်ရွက်နိုင်ရေးအတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ကြက်ခြေနီ တပ်ဖွဲ့၊ လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် လိုအပ်သလို ပူးပေါင်းဆောင်ရွက်ရန်၊

(၂) ကူးစက်ရောဂါဖြစ်ပွားမှု မြင့်မားလာသည့် ဒေသများ၊ မြင့်မားလာရန် အလားအလာရှိသည့်ဒေသများ၊ ကူးစက်ရောဂါဖြစ်ပွားမှုနှင့်ဆက်စပ်လျက် မတည်ငြိမ်မှုများ ဖြစ်ပွားလာနိုင်သည့်ဒေသများတွင် Community Quarantine ပြုလုပ်သည့်အခါ ပြည်သူများ အတိအကျလိုက်နာဆောင်ရွက်ရေးအတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ကြက်ခြေနီတပ်ဖွဲ့၊ လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် လိုအပ်သလို ပူးပေါင်းဆောင်ရွက်ရန်၊

(၃) COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ အဆင့်သတ်မှတ်ချက်များနှင့်အညီ အဆင့်လိုက် ဆောင်ရွက်ရာ၌ အရေးကြီးသည့် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်နိုင်ရေးအတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ကြက်ခြေနီတပ်ဖွဲ့၊ လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် လိုအပ်သလို ပူးပေါင်းဆောင်ရွက်ရန်၊

(၄) ဒေသများ၌ Community Quarantine ပြုလုပ်ရပါက မရှိမဖြစ် လိုအပ်သည့် အရောင်းဆိုင်များ၊ ဆေးပစ္စည်းဆိုင်များ ဆက်လက်ဖွင့်လှစ်နိုင်ရေး၊ မရှိမဖြစ် လည်ပတ်ရန်လိုအပ်သည့် စက်ရုံ၊ အလုပ်ရုံများ ဆက်လက်လည်ပတ်နိုင်ရေး၊ ယင်းအရောင်းဆိုင်များ၊ စက်ရုံ၊ အလုပ်ရုံများ ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် လုံခြုံရေးအစီအစဉ်များချမှတ်ရန်၊ ထိုသို့ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ကြက်ခြေနီတပ်ဖွဲ့၊ လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် လိုအပ်သလို ပူးပေါင်းဆောင်ရွက်ရန်။

(ဃ) COVID-19 နှင့်စပ်လျဉ်း၍ စောင့်ကြပ်ကြည့်ရှုရမည့်သူများကို Community Based Facility Quarantine ထားရှိမည့်နေရာများသို့ ပို့ဆောင်ရာတွင်လည်းကောင်း၊ ကူးစက်ရောဂါဖြင့် သေဆုံးသွားသူများအား သင်္ဂြိုလ်ရေးနှင့်စပ်လျဉ်း၍လည်းကောင်း စနစ်တကျ လုပ်ငန်းစဉ်များ ချမှတ်ပေးရန်နှင့် အဆိုပါလုပ်ငန်းစဉ်များနှင့်အညီ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ကြက်ခြေနီတပ်ဖွဲ့၊ လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများကို ဆောင်ရွက်စေရန်၊

(င) COVID-19 ကူးစက်ပြန့်ပွားမှု မြင့်မားလာနိုင်သည့် အဆိုးဆုံးအခြေအနေအထိ ကြိုတင်မျှော်တွေး၍ လိုအပ်သည့် စားနပ်ရိက္ခာ၊ ဆေးဝါး၊ Facility ၊ Test Kits, ၊ PPE စသည့် ဆေးပစ္စည်းများ၊ ယာဉ်များ၊ Community Based Facility Quarantine ထားရှိရန် နေရာများ၊ မိမိဆန္ဒအလျောက် ဆန္ဒပြုပါဝင်ဆောင်ရွက်မည့် Volunteer များ စသည့် အရင်းအမြစ်များကို အဆင့်လိုက်ကြိုတင်ပြင်ဆင်စုဆောင်းခြင်းအားဖြင့် လက်တွေ့လုံလောက်စွာ စီစဉ်ပေးနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးရန်၊

(စ) ပြည်သူများအတွင်း ကြောက်လန့်တကြားဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် လူမှုကွန်ရက်နှင့် အခြားနေရာများတွင် သတင်းမှားဖြန့်ဝေနေသူများကို အမြန်ဆုံးဖော်ထုတ်၍ ရှာဖွေဖမ်းဆီးပြီး တည်ဆဲဥပဒေများနှင့်အညီ အရေးယူနိုင်ရေးဆောင်ရွက်ရန်၊

(ဆ) ပြည်သူများအတွင်း ဆေးဝါး၊ ရိက္ခာနှင့် လူသုံးကုန်ပစ္စည်းများကို အကျိုးအမြတ်သက်သက် ရရှိရေးအတွက် ဈေးတင်ရောင်းချနေသူများအား အမြန်ဆုံး ရှာဖွေဖော်ထုတ်ဖမ်းဆီး၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူနိုင်ရေးဆောင်ရွက်ရန်၊

(ဇ) COVID-19 ကူးစက်ရောဂါမဖြစ်ပွားစေရေးအတွက် အရေးကြီးနေရာဌာနများ၊ အများပြည်သူနေရာဌာနများတွင် ပိုးသတ်ဆေးဖြန်းခြင်း၊ Physical Distance ထားရှိခြင်း၊ အသိပညာဖြန့်ဝေခြင်း၊ လိုအပ်သည့် စည်းမျဉ်းများထုတ်ပြန်ခြင်း စသည်တို့ကို ရပ်ကွက်၊ ကျေးရွာနေပြည်သူများအဆင့်အထိ ကျယ်ကျယ်ပြန့်ပြန့် သိရှိလိုက်နာဆောင်ရွက်နိုင်ရေး ကြိုးကြပ်ဆောင်ရွက်ရန်၊

(ဈ) နယ်စပ်ဝင်ပေါက်များ၊ အပြည်ပြည်ဆိုင်ရာဝင်ပေါက်များမှ တရားမဝင် ဝင်ထွက်သွားလာမှုများ မရှိစေရေး၊ လုံခြုံရေးနှင့် အဂတိလိုက်စားမှုများ မရှိစေရေးအတွက် တိုင်ကြားရန်ဌာနများ အမြန်ဆုံးဖွင့်လှစ်ခြင်း၊ စည်းမျဉ်းချိုးဖောက်သူများအား ဖော်ထုတ်အရေးယူခြင်း၊ လိုအပ်လျှင် လုံခြုံရေးအစောင့်အရှောက်ထားရှိခြင်း စသည်တို့ကို ဆောင်ရွက်ရန်၊

(ည) "Coronavirus Disease 2019(COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ" ၏ အတွင်းရေးမှူးရုံးအဖွဲ့ကို ပြည်ထဲရေးဝန်ကြီးဌာနတွင် အမြန်ဆုံးဖွင့်လှစ်၍ ကော်မတီ၏ တာဝန်များကို ဆောင်ရွက်ခြင်း၊ အရေးပေါ်ဆက်သွယ်ရန်ဖုန်းလိုင်းများ ဖွင့်လှစ်ခြင်း၊ COVID-19 ကာကွယ်၊ထိန်းချုပ်၊ ကုသရေးဆိုင်ရာအဆင့်လိုက် လိုအပ်ချက်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ခြင်း၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များအကြား စနစ်တကျ ပေါင်းစပ်ညှိနှိုင်းခြင်းတို့ကို ဆောင်ရွက်ရန်၊

(ဋ) "Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့်ဗဟိုကော်မတီမှ ပေးအပ်သော အခြားတာဝန်ဝတ္တရားများကို ဆောင်ရွက်ရန်။

၃။ နိုင်ငံတော်သမ္မတရုံး၏ ၃၀-၁-၂၀၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၂၃/၂၀၂၀ ဖြင့် ဖွဲ့စည်းခဲ့သည့် **“2019 Novel Coronavirus (2019-nCov) ကြောင့် ဖြစ်ပွားသော အဆုတ်ရောင်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီ”** ကို ယနေ့မှစ၍ ဖျက်သိမ်းလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်